**ယာဉ်မောင်းလိုင်စင် အမျိုးအစားအလိုက်မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစားများနှင့် သက်တမ်းများ**

ယာဉ်မောင်းလိုင်စင်များ၊ ယာဉ်အကူလက်မှတ်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့် လက်မှတ်တို့၏ ယာဉ်မောင်းလိုင်စင်အမျိုးအစားအလိုက် မောင်းနှင်ခွင့်ရှိသော ယာဉ်အမျိုးအစားများနှင့် ကနဦးနှင့် နှစ်လဲ သက်တမ်းတိုး လိုင်စင်သက်တမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ယာဉ်မောင်းလိုင်စင် | မောင်းနှင်ခွင့်ရှိသည့်မော်တော်ယာဉ် | သက်တမ်း |
|---|---|---|---|
| (က) | "သ" ယာဉ်မောင်းလိုင်စင် | မော်တော်ယာဉ်အမောင်းသင်ရန် | (၁)နှစ် |
| (ခ) | "က" ယာဉ်မောင်းလိုင်စင် | မော်တော်ဆိုင်ကယ် | (၅)နှစ် |
| (ဂ) | "ခ" ယာဉ်မောင်းလိုင်စင် | မော်တော်ဆိုင်ကယ်၊တင်အားသုံးတန် အထိတင်ဆောင်နိုင်သောကိုယ်ပိုင် မော်တော်ယာဉ်နှင့် လူ ၁၅ ဦးအထိ တင်ဆောင်နိုင်သောကိုယ်ပိုင်မော်တော်ယာဉ် | (၅)နှစ် |
| (ဃ) | "ဂ" ယာဉ်မောင်းလိုင်စင် | စက်ယန္တရား | (၅)နှစ် |
| (င) | "ဃ" ယာဉ်မောင်းလိုင်စင် | တက္ကစီယာဉ်နှင့် “ခ” ယာဉ်မောင်းလိုင်စင်၊ “ဌ” ယာဉ်မောင်းလိုင်စင်၊ “ဟ” ယာဉ်မောင်း လိုင်စင်တို့ဖြင့်မောင်းနှင်ခွင့်ရှိသော မော်တော်ယာဉ်များ | (၃)နှစ် |
| (စ) | "င" ယာဉ်မောင်းလိုင်စင် | စက်ယန္တရားမှအပ ဥပဒေနှင့်အညီ မှတ်ပုံ တင်ထားသော မည်သည့်မော်တော်ယာဉ် ကိုမဆို | (၃)နှစ် |
| (ဆ) | "ဌ" ယာဉ်မောင်းလိုင်စင် | ထရော်လာဂျီ | (၅)နှစ် |
| (ဇ) | "ဟ" ယာဉ်မောင်းလိုင်စင် | မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ် | (၅)နှစ် |
| (ဈ) | "စ" ယာဉ်အကူလိုင်စင် | ယာဉ်အကူနှင့် လက်မှတ်ရောင်း | (၅)နှစ် |

| | | | |
|---|---|---|---|
| (ည) | အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ် | ပြည်တွင်းယာဉ်မောင်းလိုင်စင်အရ မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစား | (၁)နှစ် |
| (ဋ) | ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် | သက်ဆိုင်ရာနိုင်ငံကထုတ်ပေးသည့် ယာဉ်မောင်းလိုင်စင်အမျိုးအစား အလိုက် မောင်းနှင်ခွင့်ပြုသည့် မော်တော်ယာဉ်အမျိုးအစား | (၁)နှစ် |

**ယာဉ်မောင်းလိုင်စင်အမျိုးအစားအလိုက်အသစ်ရယူရန်အောက်ပါအချက်များလိုအပ်ပါသည်–**

- "သ" ယာဉ်မောင်းလိုင်စင် လျှောက်ထားသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။ ၎င်းအား ယာဉ်မောင်းသင်ကြားပေးနိုင်သူရှိရမည်။
- "က" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "သ" ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံး တစ်လပြည့်ပြီးသည့် သက်တမ်းရှိလိုင်စင် ရှိရမည်။ ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်းကျောင်းတစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။ သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။
- "ခ" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "သ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "က" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဂ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဌ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဟ" ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး သုံးလပြည့်ပြီးသည့် သက်တမ်းရှိ လိုင်စင်ရှိရမည်။ ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင် တန်းတက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်းကျောင်းတစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။ သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။
- "ဂ" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "သ" ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး သုံးလပြည့်ပြီးသည့် သက်တမ်းရှိလိုင်စင် ရှိရမည်။ စက်ယန္တရား မောင်းနှင်ခြင်းအတွက် သတ်မှတ်ထားသော သင်တန်းတက်ရောက်ပြီးကြောင်း သင်တန်းဆင်းလက်မှတ် တင်ပြရမည်။ သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။
- "ဃ" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် အသက် ၂၁ နှစ်ပြည့်ပြီးသည့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ ဖြစ်ရမည်။ နိုင်ငံသား

သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့် ရသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်း မရှိသည့် အခြားအထောက်အထားများဖြင့် လျှောက်ထားခွင့် မရှိစေရ။ ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "ခ" ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး သုံးနှစ်ပြည့်ပြီးသည့် သက်တမ်းရှိလိုင်စင် ရှိရမည်။ ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်း သင်တန်းကျောင်းတစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။ သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။

- "င" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် အသက် ၂၃ နှစ် ပြည့်ပြီးသည့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ ဖြစ်ရမည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်းမရှိသည့် အခြားအထောက်အထားများ ဖြင့် လျှောက်ထားခွင့် မရှိစေရ။ "ခ" ယာဉ်မောင်းလိုင်စင် သက်တမ်း ငါးနှစ် ပြည့်ပြီးသူ သို့မဟုတ် "ဃ" ယာဉ်မောင်းလိုင်စင် သက်တမ်း နှစ်နှစ် ပြည့်ပြီးသူ သို့မဟုတ် "ခ" ယာဉ်မောင်းလိုင်စင်နှင့် "ဃ" ယာဉ်မောင်းလိုင်စင်တို့၏ စုစုပေါင်း သက်တမ်း ငါးနှစ် ပြည့်ပြီးသူ ဖြစ်ရမည်။ တင်ပြ "ခ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဃ" ယာဉ်မောင်းလိုင်စင်သည် သက်တမ်း ရှိရမည်။ ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး သင်တန်းတက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်ကြီးမောင်းသင်တန်းကျောင်း တစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်း လက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။ သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။
- ယာဉ်အကူလိုင်စင် လျှောက်ထားရယူလိုသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ရမည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်း မရှိသည့် အခြားအထောက်အထားများဖြင့် လျှောက်ထားခွင့်မရှိစေရ။ သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။
- "ဟ" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသည့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ ဖြစ်ရမည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့် ရသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်း မရှိသည့် အခြားအထောက်အထားများဖြင့် လျှောက်ထားခွင့်မရှိစေရ။ ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "သ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "က" ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံး သုံးလပြည့်ပြီးသည့် သက်တမ်းရှိ လိုင်စင် ရှိရမည်။ ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်းကျောင်း တစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူ ဖြစ်ရမည်။ သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။

- "ဃ" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသည့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်း မရှိသည့် အခြားအထောက်အထားများဖြင့် လျှောက်ထားခွင့် မရှိစေရ။ ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "သ" ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး သုံးလ ပြည့်ပြီးသည့် သက်တမ်းရှိ လိုင်စင်ရှိရမည်။ ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ် မောင်းသင်တန်းကျောင်း တစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူ ဖြစ်ရမည်။ သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။
- သက်တမ်းရှိ တပ်မတော်ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် သက်တမ်းအလျောက်အောက် ပါ ယာဉ်မောင်းလိုင်စင် အမျိုးအစားတို့ကို လျှောက်ထားနိုင်ပါသည်-
    - o တပ်မတော်ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံးတစ်နှစ်ရှိသူသည် "ခ" ယာဉ်မောင်း လိုင်စင်၊
    - o တပ်မတော်ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံးသုံးနှစ်ရှိ၍ စစ်မှုထမ်းခြင်းမှ နုတ်ထွက်ပြီးသူသည် "ဃ" ယာဉ်မောင်းလိုင်စင်၊
    - o တပ်မတော်ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံးငါးနှစ်ရှိ၍ စစ်မှုထမ်းခြင်းမှ နုတ်ထွက်ပြီးသူသည် "င" ယာဉ်မောင်းလိုင်စင်။

- ၁၉၉၇ ခုနှစ်တွင် အာဆီယံနိုင်ငံများအကြား လက်မှတ်ရေးထိုးခဲ့သည့် "အာဆီယံနိုင်ငံများမှ ထုတ်ပေးသည့် ပြည်တွင်းယာဉ်မောင်းလိုင်စင်များအား အပြန်အလှန် အသိအမှတ်ပြုရေး သဘောတူစာချုပ် (Agreement on the mutual recognition of Domestic Driving Licences issued by Asean Countries)" အရအာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ သွားရောက် မည့်ပုဂ္ဂိုလ်များသည်ပြည်တွင်းမှထုတ်ပေးသည့် QR Code ဖတ်ရှုနိုင်သည့် Smart Code ယာဉ်မောင်းလိုင်စင်များ ကိုင်ဆောင်၍မောင်းနှင်နိုင်ပါသည်။
- အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ် International Driving Permit (IDP) ရယူရန်လိုအပ်ချက်များ-
    - o သက်တမ်းရှိပြည်တွင်းယာဉ်မောင်းလိုင်စင်မူရင်းနှင့်မိတ္တူ၊
    - o သက်တမ်းရှိနိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ၊ (လျှောက်ထားသူသည် နိုင်ငံခြားသို့ ရောက်ရှိနေပါက နိုင်ငံကူးလက်မှတ်မိတ္တူဖြင့် လျှောက်ထားနိုင်ပါသည်။)
    - o နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊
    - o လျှောက်ထားသူ၏ Passport အရွယ်ဓါတ်ပုံ(၃)ပုံ၊
    - o အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်အတွက်ကျသင့်ငွေ၊မြန်မာကျပ်ငွေ (၁၅၀၀၀ဝိ/-)။

- နိုင်ငံခြားယာဉ်မောင်းလိုင်စင်မှမြန်မာနိုင်ငံယာဉ်မောင်းလိုင်စင်သို့ကူးပြောင်းလိုလျှင်လိုအပ်ချက်များ–

    - o သက်တမ်းရှိနိုင်ငံခြားယာဉ်မောင်းလိုင်စင်မူရင်းနှင့်မိတ္တူ၊
    - o His/Her Driving License (original and copy)
    - o သက်တမ်းရှိနိုင်ငံကူးလက်မှတ်နှင့်ဗီဇာမူရင်းနှင့်မိတ္တူ၊
    - o Passport/Visa (original and copy)
    - o လျှောက်ထားသူ၏ Passport အရွယ် ဓါတ်ပုံ(၃)ပုံ၊
    - o (3) photos
    - o နိုင်ငံခြားသား၏သက်ဆိုင်ရာနိုင်ငံမှထုတ်ပေးထားသည့်ယာဉ်မောင်းလိုင်စင်မှန်ကန်ကြောင်းထောက်ခံချက်၊
    - o သက်တမ်း(၅)နှစ်အတွက်လိုင်စင်ခမြန်မာကျပ်ငွေ (၁၅၀၀၀၀/–) ကျပ်၊ စစ်ဆေးခတစ်ကြိမ်လျှင် (၁၅၀၀၀/–)ကျပ်၊
    - o နိုင်ငံခြားသား၏လိုင်စင်တွင်ဖော်ပြချက်များအင်္ဂလိပ်ဘာသာမဟုတ်ပါကအင်္ဂလိပ်ဘာသာ/မြန်မာဘာသာပြန်ဆိုချက်၊တာဝန်ရှိသူ၏ထောက်ခံချက်ပါရှိရမည်၊
    - o အမြင်အာရုံစစ်ဆေးခြင်း၊ကိုယ်လက်အင်္ဂါသန်စွမ်းမှုစစ်ဆေးခြင်း၊
    - o စာတွေ့စစ်ဆေးခြင်း(စိတ်အခြေအနေ/ အရက်သောက်တတ် မှုစစ်ဆေးခြင်း၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းရေးဖြေစစ်ဆေးခြင်း)၊
    - o လက်တွေ့စစ်ဆေးခြင်း (ဝန်ပေါ့မော်တော်ယာဉ်ဖြင့် ပတ်မောင်းနှင့်ဆိုက်ကပ် စစ်ဆေးခြင်း)၊
    - o စစ်ဆေးမှုများအောင်မြင်ပြီးပါက သူတစ်ပါးထိခိုက်မှု အာမခံကြေးပေးဆောင်ပြီးကြောင်း အထောက်အထား။

**မှတ်ချက်။**

- နိုင်ငံခြားသံတမန်များ၊ UN အဖွဲ့အစည်းဝန်ထမ်းများနှင့် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ် (IDP) ကိုင်ဆောင်သူများကိုစာတွေ့၊ လက်တွေ့စစ် ဆေးခြင်းကင်းလွတ်ခွင့်ပြုသည်။

- သံရုံးများမှသံတမန်များနှင့်သံတမန်အခွင့်အရေးရသူများအတွက်မြန်မာနိုင်ငံယာဉ်မောင်းလိုင်စင်လျှောက်ထားလိုလျှင်လိုအပ်ချက်များ–

    - o သက်ဆိုင်ရာသံရုံးမှလျှောက်လွှာ။
    - o နိုင်ငံခြားရေးဝန်ကြီးဌာန(သို့မဟုတ်)သံတမန်ရေးရာဦးစီးဌာနမှထောက်ခံချက်။
    - o သံတမန်Passport မိတ္တူ။
    - o သံတမန်စိစစ်ရေးကတ်မိတ္တူ။
    - o သက်ဆိုင်ရာနိုင်ငံမှလိုင်စင်မိတ္တူ။
    - o ဓါတ်ပုံ(၂)ပုံ။

- ယာဉ်မောင်းသင်တန်းကျောင်းမှတ်ပုံတင်ကြေးမှာ ၅၀၀၀၀ဝိ/ ဖြစ်ပါသည်။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်ခွင့်သက်တမ်းကာလသည် ပြက္ခဒိန်နှစ်တစ်နှစ်ကာလအတွက်ဖြစ်ပြီး နှစ်စဉ်ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ အဆိုပါ သက်တမ်းမကုန်ဆုံးမီရက်ပေါင်း(၆၀)အတွင်း သက်တမ်းတိုးဆောင်ရွက်နိုင်ပါသည်။ သတ်မှတ်သည့် သက်တမ်းကာလကျော်လွန်၍ လာရောက်သက်တမ်းတိုးဆောင်ရွက်ပါ ကအချိန်လွန်ဒဏ်ကြေးတစ်လအတွင်းအတွက် ဒဏ်ကြေးငွေကျပ် ၅၀၀၀၀ဝိ/- ကောက်ခံမည်ဖြစ်ပြီး သတ်မှတ်သက်တမ်းကျော်လွန်သည့် လအပေါ်မူတည်၍ ဒဏ်ကြေးငွေတွက်ချက်ကောက်ခံမည်ဖြစ်ပါသည်။ (ဥပမာအချိန်လွန်ဒဏ်ကြေးနှစ်လအတွင်းဖြစ်ပါက ဒဏ်ကြေးကျပ် ၁၀၀၀၀ဝိ/-၊ သုံးလအတွင်းဖြစ်ပါက ကျပ်၁၅၀၀၀ဝိ/- ဖြစ်ပါသည်။)

**ယာဉ်မောင်းလိုင်စင်အမျိုးအစားနှင့် လိုင်စင်သက်တမ်းသတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါ**သည်-

| **စဉ်** | **လိုင်စင်အမျိုးအစား** | **သက်တမ်း** |
|---|---|---|
| (က) | အမောင်းသင်လိုင်စင် | (၁)နှစ် |
| ( ခ) | "က"လိုင်စင် | (၅)နှစ် |
| ( ဂ) | "ခ"လိုင်စင် | (၅)နှစ် |
| (ဃ) | "ဂ"လိုင်စင် | (၅)နှစ် |
| ( င) | "ဃ"လိုင်စင် | (၃)နှစ် |
| ( စ) | "င"လိုင်စင် | (၃)နှစ် |
| (ဆ) | "ဌ"လိုင်စင် | (၅)နှစ် |
| (ဇ) | "ဟ"လိုင်စင် | (၅)နှစ် |
| (ဈ) | "စ"ယာဉ်အကူလိုင်စင်/လက်မှတ်ရောင်း | (၅)နှစ် |
| (ည) | အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ် | (၁)နှစ် |
| (ဋ) | ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် | (၁) နှစ် |

# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## ယာဉ်မောင်းလိုင်စင်အမျိုးအစားအလိုက် ကောက်ခံမည့်နှုန်းထားများ

| လိုင်စင်အမျိုးအစားနှင့်<br>သက်တမ်း | လုပ်ငန်းအမျိုးအစား | | | | မှတ်ချက် |
|---|---|---|---|---|---|
| | အသစ် | နှစ်လဲ | မိတ္တူ | နရပ | |
| "သ" လိုင်စင်<br>သက်တမ်း(၁)နှစ် | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၆၀၀၀ | **နှစ်လဲသက်တမ်းတိုးခြင်း**<br>သက်တမ်းကျော်လွန်ကာလ(ပျက်ကွက်ကာလ)အတွက်သာ |
| "က-၁" လိုင်စင်<br>သက်တမ်း(၂)နှစ် | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | အချိန်လွန်ဒဏ်ကြေးကို မှတ်ပုံတင်ခတစ်နှစ်စာ၏ ၁၀၀%<br>ကောက်ခံရန် |
| "က" လိုင်စင်<br>သက်တမ်း(၅)နှစ် | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၀၀၀ | **ပညာပေးသင်တန်းကြေး** |
| "ခ" လိုင်စင်<br>သက်တမ်း(၅)နှစ် | ၅၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | မော်တော်ဆိုင်ကယ်၊ "ဠ"၊ "ဟ" - ၂၀၀၀ိ/-<br>မော်တော်ယာဉ် - ၅၀၀၀ိ/- |
| "ဂ" လိုင်စင်<br>သက်တမ်း(၅)နှစ် | ၆၀၀၀၀ | ၆၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | **ယာဉ်မောင်းစစ်ဆေးခြင်း** |
| "ဃ" လိုင်စင်<br>သက်တမ်း(၃)နှစ် | ၆၀၀၀၀ | ၆၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | လိုင်စင်အသစ်အားလုံးစစ်ဆေးခ(တစ်ကြိမ်လျှင်) -၂၀၀၀ိ/-<br>နိုင်ငံခြားလိုင်စင်မှ မြန်မာလိုင်စင်ပြောင်း |
| "င" လိုင်စင်<br>သက်တမ်း(၃)နှစ် | ၇၅၀၀၀ | ၇၅၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | စစ်ဆေးခ (တစ်ကြိမ်လျှင်) - ၁၅၀၀၀ိ/- |
| "ဠ"၊ "ဟ" လိုင်စင်<br>သက်တမ်း(၅)နှစ် | ၃၀၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | **ယာဉ်ငှားရမ်းခ**<br>"ခ" "ဃ" တစ်ကြိမ်အတွက် - ၅၀၀၀ိ/- |
| ယာဉ်အကူလက်မှတ်<br>သက်တမ်း(၅)နှစ် | ၁၅၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | "င" တစ်ကြိမ်အတွက် - ၁၀၀၀၀ိ/-<br>Simulator ငှားရမ်းခတစ်ကြိမ်အတွက် - ၅၀၀၀ိ/- |
| IDP<br>သက်တမ်း(၁)နှစ် | ၁၅၀၀၀၀ | | | | **ယာဉ်မောင်းသင်တန်းကျောင်း** |
| နိုင်ငံခြားလိုင်စင်မှ<br>"ခ"လိုင်စင်ပြောင်း<br>သက်တမ်း(၅)နှစ် | ၁၅၀၀၀၀ | ၁၅၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | မှတ်ပုံတင်ခ တစ်နှစ်လျှင် - ၅၀၀၀၀၀ိ/-<br>အချိန်လွန်ဒဏ်ကြေး(၁)လလျှင် - ၅၀၀၀၀ိ/- |
| ယာယီမောင်းနှင်ခွင့်<br>လက်မှတ်<br>သက်တမ်း(၁)နှစ် | ၁၀၀၀၀၀၀ | | | | **သူတစ်ပါးထိခိုက်မှုအာမခံပရီမီယံကြေး**<br>သူတစ်ပါးထိခိုက်မှုအာမခံပရီမီယံကြေးအား မြန်မာ့အာမခံ<br>လုပ်ငန်းသို့ သတ်မှတ်ထားသည့် အတိုင်းပေးသွင်းရန် |

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအထိ(နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အလိုက် ယာဉ်မောင်းလိုင်စင်အမျိုးအစားအလိုက်အရှိစာရင်းစောင်ရေ)

| စဉ် | ပြည်နယ်/တိုင်း | 'က-၁'လိုင်စင် | 'က'လိုင်စင် | 'ခ'လိုင်စင် | 'ဂ'လိုင်စင် | 'ဃ'လိုင်စင် | 'င'လိုင်စင် | 'ဌ'လိုင်စင် | 'ဟ'လိုင်စင် | 'က-၁'မှ 'ဟ'လိုင်စင် စုစုပေါင်း | 'စ'လိုင်စင် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရှမ်းချုပ် | | | | | | | | | ၀ | |
| ၂ | နေပြည်တော် | ၂၂၅၆ | ၁၄၅၆၆၇ | ၆၂၅၉၉ | ၀ | ၅၀၄၁ | ၈၀၄၃ | ၂ | ၅၃၁ | ၂၂၄၁၃၉ | ၄၇၆၂ |
| ၃ | ကချင် | ၁၃၁၅ | ၅၆၂၄၈ | ၇၆၅၃၄ | ၀ | ၁၂၁၆ | ၄၂၇၉ | ၅၀၂ | ၄၁၆ | ၁၄၀၅၁၀ | ၁၁၆၅ |
| ၄ | ကယား | ၁၈၇၉ | ၅၀၁၁၃ | ၁၄၅၉၂ | ၀ | ၂၀၀ | ၃၂၃၇ | ၁၀၀ | ၆ | ၇၀၁၂၇ | ၁၁၈၄ |
| ၅ | ကရင် | ၂၉၇၃ | ၆၂၃၂၁ | ၅၄၉၆၆ | ၁၅၉ | ၁၀၁၅ | ၃၉၆၀ | ၁၃၂ | ၁၁၃ | ၁၂၅၆၃၉ | ၃၀၂၇ |
| ၆ | ချင်း | ၆၇၄ | ၃၀၄၉၈ | ၈၂၅၃ | ၀ | ၈၇ | ၇၅၈ | ၆ | ၁၀ | ၄၀၂၈၆ | ၃၂၂ |
| ၇ | စစ်ကိုင်း | ၉၂၄၅ | ၃၅၅၉၀၂ | ၁၁၉၅၄၁ | ၁၈ | ၁၆၅၂ | ၂၁၄၀၀ | ၅၆၇ | ၄၄၇ | ၅၀၈၇၇၂ | ၁၆၄၈၃ |
| ၈ | တနင်္သာရီ | ၁၅၅၄ | ၁၂၉၁၉၈ | ၄၁၇၂၀ | ၁ | ၁၀၉၅ | ၆၄၀၂ | ၂၇၅ | ၁၀၁၂ | ၁၈၁၂၅၇ | ၁၂၈၇ |
| ၉ | ပဲခူး | ၃၇၂၀ | ၃၅၄၃၆၄ | ၁၁၈၀၇၂ | ၀ | ၃၅၉၀ | ၂၈၅၅၀ | ၄၃၂ | ၁၉၁၁ | ၅၁၀၆၃၉ | ၁၉၅၃၈ |
| ၁၀ | မကွေး | ၆၂၆၁ | ၂၉၃၀၄၅ | ၈၅၂၈၀ | ၂၃ | ၁၂၂၂ | ၁၉၆၄၁ | ၁၈၈ | ၈၃၉ | ၄၀၆၄၉၉ | ၂၀၁၉၉ |
| ၁၁ | မန္တလေး | ၁၉၂၄၇ | ၇၂၀၇၂၀ | ၄၁၆၆၈၈ | ၂၃၄ | ၃၂၃၄၈ | ၇၀၁၃၇ | ၉၅၁ | ၁၄၄၂ | ၁၂၆၁၇၆၇ | ၄၄၀၆၀ |
| ၁၂ | မွန် | ၃၆၁၃ | ၁၅၉၇၆၂ | ၈၀၉၈၀ | ၀ | ၂၅၂၄ | ၁၀၉၁၀ | ၁၀၇၀ | ၂၂၁၈ | ၂၆၁၀၇၇ | ၄၉၁၅ |
| ၁၃ | ရခိုင် | ၁၈၃ | ၃၂၀၇၁ | ၁၅၀၃၈ | ၀ | ၁၉၆ | ၁၇၆၇ | ၄၈၂ | ၁၆၈၃ | ၅၁၄၂၀ | ၂၄၇၂ |
| ၁၄ | ရန်ကုန် | ၁၂၆၆ | ၈၇၁၉၉ | ၅၆၁၅၇၄ | ၃၈ | ၁၇၈၈၄၆ | ၁၁၄၀၉၂ | ၄၇၂ | ၁၆၀ | ၉၄၃၆၄၇ | ၄၁၂၃၁ |

## ၂၀၂၂ ခုနှစ်၊ ဩဂုတ်လအထိ(နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်အလိုက် ယာဉ်မောင်းလိုင်စင်အမျိုးအစားအလိုက်အရှိစာရင်းစောင်ရေ)

| စဉ် | ပြည်နယ်/တိုင်း | 'က-၁'လိုင်စင် | 'က'လိုင်စင် | 'ခ'လိုင်စင် | 'ဂ'လိုင်စင် | 'ဃ'လိုင်စင် | 'င'လိုင်စင် | 'ဌ'လိုင်စင် | 'ဟ'လိုင်စင် | 'က-၁'မှ 'ဟ'လိုင်စင် စုစုပေါင်း | 'စ'လိုင်စင် |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁၅ | ရှမ်း(တောင်) | ၈၀၂ | ၇၉၆၆၃ | ၉၅၄၁၂ | ၃ | ၃၄၀၂ | ၁၈၃၅၁ | ၁၃၈ | ၁၆ | ၁၉၇၇၈၇ | ၇၃၉၆ |
| ၁၆ | ရှမ်း(အရှေ့) | ၂၁၁၄ | ၆၀၃၂၂ | ၄၁၁၈၉ | ၀ | ၁၉၇၂ | ၂၅၇၄ | ၃၂၆ | ၁၀၉ | ၁၀၈၆၀၆ | ၂၁၁ |
| ၁၇ | ရှမ်း(မြောက်) | ၁၃၂၄ | ၃၉၅၇၄ | ၉၃၂၆၄ | ၅ | ၃၇၇၃ | ၁၂၂၉ | ၄၁၇ | ၂၂ | ၁၅၀၆၀၈ | ၄၄၀၅ |
| ၁၈ | ဧရာဝတီ | ၂၃၀၇ | ၃၅၉၅၁၇ | ၈၄၆၉၉ | ၁ | ၃၄၉၈ | ၁၄၃၈၇ | ၄၄၇၉ | ၂၆၂၂ | ၄၇၁၅၁၀ | ၁၀၈၃၃ |
| **စုစုပေါင်း** | | ၆၀၇၃၃ | ၃၀၁၆၁၈၄ | ၁၉၇၀၄၀၁ | ၄၈၂ | ၂၄၁၆၇၇ | ၃၄၀၇၁၇ | ၁၀၅၃၉ | ၁၃၅၅၇ | ၅၆၅၄၂၉၀ | ၁၈၃၄၉၀ |